THE WORLD BANK

Working for a World
Free of Poverty

သတင်းထုတ်ပြန်ချက်

**အမျိုးသား အမျိုးသမီး တန်းတူညီမျှရေး။ မှန်ကန်ကောင်းမွန်သည့် လုပ်ဆောင်ချက်။**

**ရန်ကုန်၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်။** ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စု ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းကာ အမျိုးသား အမျိုးသမီး တန်းတူညီမျှမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အစီရင်ခံစာများ မိတ်ဆက်သည့် ဆွေးနွေးပွဲ တစ်ရပ်ကို နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် အသီးသီး ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲ၏ အဓိက ဦးတည်ချက်မှာ ကျား၊မ တန်းတူညီမျှမှု ဆိုင်ရာ အသိပညာမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးနှင့် မိန်းကလေးများအတွက် ကောင်းမွန်သည့် အခွင့်အရေးများနှင့် အခြေအနေများကို ဖန်တီးပေးသွားနိုင်ရန်ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်က ထုတ်ဝေလိုက်သည့် အစီရင်ခံစာများဖြစ်သည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့ ဖွံ့ဖြိုးရေး အစီရင်ခံစာ (ကျား၊မ တန်းတူညီမျှမှုနှင့် ဖွံ့ဖြိုးရေး) နှင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် ကျား၊မ တန်းတူညီမျှမှုရရှိစေရန် ဦးတည်ဆောင်ရွက်ခြင်း ဟူသည့် အစီရင်ခံစာများသည် ဒေသတွင်းရှိ အမျိုးသမီးများ အလုပ်အကိုင်ရရှိရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ရရှိရေးနှင့် လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ရေး ကိစ္စရပ်များကို  အထူး အလေးပေး ဖော်ပြထားပါ သည်။

"ယခုထုတ်ဝေလိုက်တဲ့ အစီရင်ခံစာတွေက ကမ္ဘာတစ်ဝှမ်းလုံးနဲ့ ဒေသတွင်းမှာရှိတဲ့ ကျား၊မ ကွဲပြားမှု ဆိုင်ရာ ကိစ္စရပ်တွေကို ရှာဖွေ ဖော်ထုတ်ထားတဲ့အတွက် မူဝါဒတွေ ရေးဆွဲရာမှာ အထောက်အကူပြုနိုင်တဲ့ အကြံပေးချက်တွေ ပါဝင်တယ်။ ဒီအစီရင်ခံစာတွေမှာ ဖော်ပြထားတဲ့ အကြံပေးချက်တွေအတိုင်း မြန်မာနိုင်ငံရဲ့ မူဝါဒနဲ့ လမ်းညွှန်ချက်တွေကို ချိတ်ဆက် ဆောင်ရွက်သွားမှာ ဖြစ်တယ်" ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စု ဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်က ပြောသည်။

"ဒီကနေ့ မိတ်ဆက်တဲ့ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာတွေက ဖွံ့ဖြိုးရေးလုပ်ငန်းမှာ အမျိုးသား အမျိုးသမီး တန်းတူ ညီမျှမှုဆိုတာ အင်မတန် အရေးကြီးတဲ့ ကဏ္ဍကနေ ပါဝင်နေတဲ့အပြင် ကျား၊မ တန်းတူညီမျှမှုကို ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ် လုပ်ငန်းတွေ တိုးလာနိုင်သလို အနာဂတ်မျိုးဆက်အတွက် အခွင့်အလမ်းတွေ ပိုကောင်းလာစေမှာဖြစ်ပြီး ကောင်းမွန်တဲ့ မူဝါဒတွေကို ချမှတ် ဆောင်ရွက်နိုင်မှာဖြစ်တယ်" ဟု ကမ္ဘာ့ဘဏ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် စီးပွားရေး စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးနှင့် အစီရင်ခံစာများကို တွဲဖက်ရေးသားသူတစ်ဦးလည်းဖြစ်သည့် Mr.Sudhir Shetty က ပြောသည်။

၂၀၁၂ ခုနှစ် ကမ္ဘာ့ဖွံ့ဖြိုးရေး အစီရင်ခံစာ (ကျား၊မ တန်းတူညီမျှမှုနှင့် ဖွံ့ဖြိုးရေး) တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ကျား၊မ ကွဲပြားမှု အပေါ်အခြေခံသည့် ခွဲခြားမှု လျော့နည်းလာကြောင်း အပြုသဘောလက္ခဏာကို တွေ့ရလာသော်လည်း နေရာ ကဏ္ဍ အတော်များများတွင် ခွဲခြားမှုများစွာ တည်ရှိနေသေးကြောင်း အသေးစိတ် ဖော်ထုတ်ထားပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးသား သေဆုံးမှုထက် အမျိုးသမီးနှင့် မိန်းကလေးငယ်များ သေဆုံးမှု မြင့်မားနေသည့်အချက်က အဆိုးရွားဆုံး ကွာဟချက် တစ်ခုဖြစ်သည်။ အစီရင်ခံစာက ဖော်ပြထားသည်မှာ လွန်ခဲ့သည့် နှစ်ဆယ့်ငါးနှစ်အတွင်း ပညာရေး၊ ကျန်းမာရေးနှင့် အလုပ် အကိုင် ရရှိရေး ကဏ္ဍများတွင် ကျား၊မ ကွဲပြားမှုအပေါ် အခြေခံသည့် ခွဲခြားမှုမှာ သိသာစွာ လျော့နည်းသွားခဲ့သည်။ မူလတန်း ပညာရေးတွင် ကျား၊မ ကွာဟမှုမှာ နိုင်ငံအများစုတွင် မရှိသလောက်ဖြစ်ပြီး အထက်တန်းဆင့်ပညာရေးတွင်လည်း ထိုကွာဟမှုမှာ လျင်မြန်စွာ ကျဆင်းလာလျက်ရှိသည်။

ကျား၊မ တန်းတူညီမျှရေး ဆောင်ရွက်မှုများ၏ အောင်မြင်မှုကို ထိန်းသိမ်းထားနိုင်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဦးစားပေး ကဏ္ဍတစ်ခုချင်းစီအတွက် နိုင်ငံအလိုက် မူဝါဒများကို ချမှတ်ဆောင်ရွက်သွားနိုင်ရန် အားပေးကူညီရမည်။ မူဝါဒ ချမှတ် ဆောင်ရွက်သူများအတွက် အခက်ခဲဆုံးဖြစ်သည့် ကျား၊မ ကွာဟမှုကို နည်းပါးစေရန် ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက် ပေးခြင်း နည်းလမ်း တစ်ခုတည်းဖြင့်လည်း မဖြေရှင်းနိုင်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြထားသည်။ ထို ချွတ်ယွင်း

ချက်များကို ပြုပြင်ဆောင်ရွက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးအမြတ်ပြန်လည်ရရှိမှုသည် အကောင်းဆုံး ဖြစ်လာနိုင်မည်ဖြစ်ပြီး သို့မှသာ မူဝါဒဆိုင်ရာ အပြောင်းအလဲများပြုလုပ်ခြင်းကြောင့် တိုးတက်မှုကို မြင်တွေ့လာရမည်ဖြစ်သည်။

ဒေသတွင်းအခြေအနေများကို လေ့လာထားသည့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် ကျားမ တန်းတူညီမျှမှုရရှိစေရန် ဦးတည်ဆောင်ရွက်ခြင်း ဟူသည့်  အစီရင်ခံစာသည် ဒေသနှင့် ဆီလျော်မှုရှိသည့် ကိစ္စရပ်များကို လေ့လာဖော်ထုတ်ထားသည်။ ထိုအထဲတွင် ကျားမ ကွဲပြားမှုဆိုင်ရာ ရှုထောင့်မှ လေ့လာသုံးသပ်ထားသည့် ယခုလက်ရှိ ကိစ္စရပ်များ ဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ပေါင်းစည်းမှု တိုးတက်လာခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာသုံးစွဲမှု မြင့်တက် လာခြင်း၊ ရွှေ့ပြောင်းနေထိုင်ခြင်း၊ မြို့ပြများ ဖြစ်ထွန်းပေါ်ပေါက်ခြင်း၊ အသက်အရွယ်ကြီးမားသည့် လူဦးရေ အလျင်အမြန် မြင့်မားလာမှု စသည်တို့ ပါဝင်သည်။ ထိုကိစ္စရပ်များအားလုံးသည် အခွင့်အလမ်းသစ်များကိုလည်း ဖြစ်ပေါ်စေသည့်အပြင် ကျားမ တန်းတူညီမျှမှုကို မြှင့်တင်ဆောင်ရွက်ရန် စိန်ခေါ်မှုအသစ်များလည်း ရှိနေသည်။ ယခုအစီရင်ခံစာသည် ကျားမ ကွဲပြားမှုနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ကဏ္ဍ၏ အချက်အလက်နှင့် လေ့လာတွေ့ရှိချက် အသစ်များကို ဖော်ထုတ်ထားပါသည်။ အထူးသဖြင့် လေ့လာ တွေ့ရှိချက် အပေါ် အခြေခံ ချမှတ်သည့် မူဝါဒများကို ရေးဆွဲဖော်ထုတ်နိုင်ရန် နိုင်ငံအစိုးရများ၏ ဆောင်ရွက်နိုင်စွမ်းရည်ကို မြှင့်တင် ပေးနိုင်မည်ဖြစ်သည်။

အချို့ဒေသများတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပါက ကျားမ တန်းတူညီမျှမှုလည်း ရှိလာမည်ဟု မယူဆနိုင်ကြောင်း ယခုအစီရင်ခံစာက ဖော်ပြထားသည်။  ထို့ကြောင့် နိုင်ငံများအနေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကျားမ တန်းတူညီမျှမှုပါ တစ်ပါတည်း ဖြစ်ပေါ်လာနိုင်စေရန် ကျားမ ကွဲပြားမှုအပေါ် အာရုံစိုက်ထားသည့် ပြည်သူ့မူဝါဒများကို ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရက ထိုအပြောင်းအလဲများ ပြုလုပ်ရန် ဆန္ဒရှိသည်မှာ ချီးကျူးဖွယ်ရာပင်ဖြစ်သည်။ ကျားမ တန်းတူညီမျှရေးနှင့် စွမ်းအား မြှင့်တင် ပေးနိုင်ရေးအပါအဝင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စု ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အခြားသော အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းကပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အမျိုးသားရေး ရည်မှန်းချက်များကို အောင်မြင်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ စီးပွားရေး ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း အင်အားနည်းသည့် လူအုပ်စုများအပေါ် အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေနိုင်မည့် ကျားမ ကွာဟချက်များကို လျှော့ချနိုင်ရန် ဦးတည် ဆောင်ရွက်ရမည့် မူဝါဒများ ရေးဆွဲရမည့်လုပ်ငန်းသည် အဓိကျသည့် အခန်း ကဏ္ဍ တစ်ခုအဖြစ် ဆက်လက်ရှိနေပါသည်။

"မြန်မာနိုင်ငံအတွက် ယခု အချိန်ဟာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အဖွဲ့အစည်းရဲ့ အလွှာအသီးသီးက လူတွေ အကျိုးခံစားနိုင်ရေး အတွက် အာမခံချက်ရှိတဲ့ စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာအောင် လုပ်ဆောင်ရမယ့် အရေးကြီးတဲ့ အချိန်ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်အနေနဲ့ ကျားမ တန်းတူညီမျှမှုရှိစေရေး မြှင့်တင်ဆောင်ရွက်သွားဖို့ မြန်မာနိုင်ငံ အစိုးရနဲ့ နီးနီးကပ်ကပ် လုပ်ဆောင်သွားဖို့ ကတိကဝတ်ပြုထားပါတယ်။ ထိခိုက်လွယ်တဲ့ အခြေအနေများကို လျော့ပါး သက်သာစေခြင်းနဲ့ အခွင့်အလမ်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းစတဲ့လုပ်ငန်းတွေကို ဆက်လက် အာရုံစိုက် လုပ်ဆောင်သွားမှာ ဖြစ်တယ်။ ကျားမ တန်းတူညီမျှမှုအပေါ်မှာ အခြေခံတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးလုပ်ငန်းတွေဟာ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ အမျိုးသား အမျိုးသမီးတိုင်းအတွက် အောင်မြင်မှုရရှိစေရန် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်" မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ် ဌာနေ ကိုယ်စားလှယ် မစ္စတာ ခန်သန်ရှန်ကာက ပြောသည်။

ဆက်သွယ်ရန်။
ဦးကျော်စိုးလင်း(ရန်ကုန်)klynn@worldbank.org +951654824 EXT:310
**Paul Risley**(ဘန်ကောက်),**prisley@worldbank.org**

သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက

www.worldbank.org/myanmar, www.worldbank.org/eap,  www.worldbank.org/wdr2012